ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၂၁) ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ဥပဒေကဲ့သို့အာဏာတည်သောအမိန့်နှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၂-၄ |
| ၂။ | ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပြဌာန်းခြင်း။ | ၅-၆ |
| ၃။ | နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၇ |
| ၄။ | ပြည်တွင်း၌ ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာ ဆီများဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့် ထုတ်ပြန်ခြင်း။ | ၈-၉ |
| ၅။ | အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအသစ် စတင်အာဏာတည်သည်နှင့်အမျှ အင်္ဂလန်နိုင်ငံအနေဖြင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းအား ခေတ်နှင့်အညီ ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ခြင်း။ | ၁၀-၁၂ |
| ၆။ | လမ်းအန္တရာယ်ကင်းရှင်းရေးဥပဒေအား ပြန်လည်ပြင်ဆင်ရန် ဗြိတိန်နိုင်ငံ အစိုးရက အစီအစဉ်များရေးဆွဲဆောင်ရွက်နေခြင်း။ | ၁၃-၁၄ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၂၁) ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော ဥပဒေကဲ့သို့အာဏာတည်သောအမိန့်နှင့်စပ်လျဉ်း၍ သိကောင်းစရာ

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဥပဒေကဲ့သို့အာဏာတည်သောအမိန့် အမှတ်၊ ၁/၂၀၂၅ ဖြင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ရှိ မြို့နယ် ၆၃ မြို့နယ်အား ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့မှ ရက်ပေါင်း ၉၀ အထိ အရေးပေါ်အခြေအနေ ကြေညာခဲ့ပါသည်။

ဥပဒေကဲ့သို့အာဏာတည်သည့်အမိန့်များနှင့်စပ်လျဉ်း၍ အစိုးရအဆက်ဆက်က ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီထုတ်ပြန်ကြသည်ကို တွေ့ရှိရပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေကဲ့သို့အာဏာတည်သည့်အမိန့်ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၁၂၊ ၄၁၀၊ ၄၁၂၊ ၄၁၄၊ ၄၁၇ တို့တွင် ပြဋ္ဌာန်းထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၂ တွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ခုနှင့်တစ်ခုအကြား နိုင်ငံတော်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များမှအပ ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုအပ်သော အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအတွက် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို ထုတ်ပြန်ခွင့်ရှိကြောင်း၊ ယင်းအမိန့်ထုတ်ပြန်သည့်နေ့ရက်မှ ရက်ပေါင်း (၆၀)အတွင်းကျင်းပသော အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက် မရရှိလျှင် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှရပ်စဲရမည် ဖြစ်ကြောင်း၊ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်းရပ်သိမ်းပြီးဖြစ်စေကာမူ ထိုဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကို အနီးကပ်ဆုံးကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်ဖြစ်ကြောင်း၊ ဥပဒေကဲ့သို့အာဏာတည်သော

အမိန့်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ပိုင်ခွင့်မရှိသောပြဋ္ဌာန်းချက် ပါရှိလျှင် ယင်းပြဋ္ဌာန်းချက်သည် ပျက်ပြယ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၀ တွင် တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ် တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် နိုင်စွမ်းမရှိကြောင်း သိရှိလျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းက တင်ပြလျှင်သော်လည်းကောင်း နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ နှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့အာဏာတည်သည့်အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာနိုင် ကြောင်း ပြဋ္ဌာန်းထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၂ (က) တွင် တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ် တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတစ်စုတွင် ဖြစ်စေ၊ ယင်းတို့၏တစ်စိတ်တစ်ဒေသတွင်ဖြစ်စေ ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ထိပါး အန္တရာယ်ပြုမည့်အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် သို့မဟုတ် ထိုသို့ပေါ်ပေါက်ရန် လုံလောက် သောအကြောင်းရှိကြောင်းသိရှိလျှင်သော်လည်းကောင်း၊ ထိုသို့ပေါ်ပေါက်ရန် လုံလောက်သော အကြောင်းရှိကြောင်း သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းက တင်ပြလျှင်သော်လည်းကောင်း နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၄ တွင် နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာသည့်အခါ ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့်နယ်မြေဒေသနှင့်အချိန်ကာလတို့ကို သတ်မှတ်ဖော်ပြရမည်ဖြစ်ပြီး လိုအပ်ပါက အရေးပေါ်အခြေအနေအကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်းနေထိုင်ကြသော နိုင်ငံသားများ၏

မူလအခွင့်အရေးတစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်ကြောင်း သို့မဟုတ် ရပ်ဆိုင်းထားနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့်အဓမ္မနည်းများဖြင့်ရယူရန် ဆောင်ရွက်ခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာလက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သောအကြောင်းတွေ့ရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေး ကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့အာဏာတည်သည့်အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။ ယင်းအမိန့်တွင် အရေးပေါ်အခြေအနေအကျိုးသက်ရောက်သည့်နယ်မြေသည် နိုင်ငံတစ်ဝန်းလုံးဖြစ်ကြောင်းနှင့် အချိန်ကာလသတ်မှတ်ချက်သည် အမိန့်ထုတ်ပြန်သည့်နေ့မှတစ်နှစ် အထိဖြစ်ကြောင်း ဖော်ပြရမည်ဟု ပြဋ္ဌာန်းထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရထုတ်ပြန်သော ဥပဒေကဲ့သို့အာဏာတည်သည့်အမိန့်ကို နိုင်ငံတော် သမ္မတတစ်ဦးတည်းကသာ ထုတ်ပြန်ခွင့်ရှိသည်ကို တွေ့ရှိရပါသည်။ ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်သည် ဥပဒေတစ်ရပ်ပင် ဖြစ်ပါသည်။ ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခွင့်ရှိသော်လည်း အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအတွက် ချက်ချင်း အရေးယူဆောင်ရွက်ရန် လိုအပ်သည့်အခါတွင် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့အာဏာတည်သည့်အမိန့်ကို ထုတ်ပြန်၍ ဥပဒေတစ်ရပ်ကဲ့သို့ ဥပဒေပြုခွင့်အာဏာတစ်ရပ် ကျင့်သုံးဆောင်ရွက်ခွင့်ရှိကြောင်း လေ့လာတင်ပြ အပ်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၂၁) ၂၀၂၅ ခုနှစ် သြဂုတ်လ ၁၅ ရက်

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်းခြင်း

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၈/၂၀၂၅ ဖြင့် ၂၉-၇-၂၀၂၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

ဥပဒေပြဋ္ဌာန်းရခြင်းမှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းကို တားဆီးနှောင့်ယှက်ခြင်း၊ ရွေးကောက်ပွဲကာလအတွင်း မဲဆွယ်စည်းရုံးမှုကို နှောင့်ယှက်ဟန့်တားခြင်း၊ ဆန္ဒမဲပေးခွင့်ရှိသူများမဲပေးခြင်းကို နှောင့်ယှက်ခြင်းပြုမှုများကိုကာကွယ်ရန် နှင့်မဲရုံတာဝန်ရှိသူများလုံခြုံမှုအပြည့်ဖြင့် တာဝန်ထမ်းဆောင်နိုင်စေရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

“ရွေးကောက်ပွဲကာလ”ဆိုသည်မှာ ကော်မရှင်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကျင်းပမည့်ရက် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှစ၍ မဲဆွယ်စည်းရုံးသည့်ကာလ၊ ရွေးကောက်ပွဲကျင်းပသည့်နေ့နှင့်ကော်မရှင်ကရွေးကောက်ပွဲရလဒ် ထုတ်ပြန်ပြီးသည့်နေ့ရက်ထိ ကာလကိုဆိုကြောင်း တွေ့ရှိရပါသည်။

ဥပဒေတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုများဆောင်ရွက်နိုင်ရေးအတွက် ဗဟိုကော်မတီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မတီ၊ မြို့နယ်ကော်မတီဟူ၍ အဆင့်ဆင့်ဖွဲ့စည်းပြီး အဆိုပါကော်မတီများက ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စီမံချက်များရေးဆွဲအကောင်အထည်ဖော်ခြင်း၊ လုံခြုံရေးစီမံချက်ပါလုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လုံခြုံရေးကိုထိပါးစေနိုင်သည့် ပြည်တွင်းပြည်ပနိုင်ငံတကာအဖွဲ့အစည်းများ၏လှုပ်ရှားမှု

များအား စောင့်ကြည့်သတင်းရယူခြင်း၊ အရေးယူခြင်းတို့ကိုဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲကာလအတွင်း မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်နေစဉ် မြို့နယ်ကော်မတီသို့ လုံခြုံရေးတောင်းခံနိုင်ကြောင်း၊ မြို့နယ်ကော်မတီ၏ အကြောင်းကြားမှုရရှိပါက သက်ဆိုင်ရာနယ်မြေခံရဲတပ်ဖွဲ့အနေဖြင့် လုံခြုံရေးဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဥပဒေတွင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များပျက်ပြားစေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်သူကိုဖြစ်စေ၊ မဲဆန္ဒရှင်တစ်ဦးဦး၏ဆန္ဒမဲပေးပိုင်ခွင့်ကိုဟန့်တားရန် သော်လည်းကောင်း၊ မဲရုံမှူးကို ဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ရွေးကောက်ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်တစ်ဦးဦး၏ တာဝန်ဝတ္တရားဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် ဟန့်တားနှောင့်ယှက်သူကိုဖြစ်စေ အရေးယူ အပြစ်ပေးနိုင်သည့်ပြဋ္ဌာန်းချက်များပါရှိပြီး လူစုလူဝေးဖြင့် ကျူးလွန်မှုအတွက် ပိုမိုကြီးလေးသည့် ပြစ်ဒဏ်ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။ ပြစ်ဒဏ်များအနေဖြင့် အနည်းဆုံးထောင်ဒဏ် သုံးနှစ်မှအများဆုံးထောင်ဒဏ်တစ်သက်အထိချမှတ်နိုင်ကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် ယင်းတို့၏ ပြုလုပ်မှုသည် တစ်ဦးတစ်ယောက်ကို သေဆုံးခြင်းဖြစ်စေလျှင် သေဒဏ်ချမှတ်ရမည်ဖြစ်ကြောင်းလည်း တွေ့ရှိရပါသည်။ တရားစွဲဆိုဆောင်ရွက်ရာတွင် ဗဟိုကော်မတီ သို့မဟုတ် ယင်းကတာဝန်လွှဲအပ် ထားသော ဒေသဆိုင်ရာကော်မတီ၏ကြိုတင်ခွင့်ပြုမိန့်ရယူရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ် ပေးရေးဥပဒေကိုပြဋ္ဌာန်းခြင်းဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရာ၌ လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၂၁) ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေနှင့်စပ်လျဉ်း၍ သိကောင်းစရာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုဒုတိယ အကြိမ်ပြင်ဆင်သည့်ဥပဒေကို ဥပဒေအမှတ် ၄၃/၂၀၂၅ ဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ယင်းဥပဒေအား ဒုတိယအကြိမ်ပြင်ဆင်ခြင်းသည် နိုင်ငံရေးပါတီများလိုက်နာရမည့် စည်းကမ်းချက်တစ်ရပ်ကိုဖြည့်စွက်ပြဋ္ဌာန်းလိုက်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

မူလဥပဒေတွင် အခန်း ၅ ခန်းနှင့် ပုဒ်မပေါင်း ၂၅ ခု ပြဋ္ဌာန်းထားပါသည်။ ထပ်မံဖြည့်စွက် ပြဋ္ဌာန်းသည့်ဥပဒေပြင်ဆင်ချက်မှာ ဥပဒေ၏ အခန်း ၄၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)တွင် ပုဒ်မခွဲငယ် (၁၁) ကို ဖြည့်စွက်ပြဋ္ဌာန်းခြင်းဖြစ်သည်။ မူလဥပဒေ၏ ဤပုဒ်မခွဲတွင် နိုင်ငံရေးပါတီများရပ်တည်ပိုင်ခွင့်ဆုံးရှုံး စေနိုင်သည့်အချက်များကို ပုဒ်မခွဲငယ်(၁)မှ(၁၀)အထိပြဋ္ဌာန်းထားရာ ပြင်ဆင်သည့်ဥပဒေတွင် "ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့်တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်ကြောင်း ကော်မရှင်က စစ်ဆေး တွေ့ရှိခြင်း"ဟူသော အချက်ကို အသစ်ဖြည့်စွက်ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဤပြင်ဆင်ချက်အရ မည်သည့်နိုင်ငံရေးပါတီမဆို ရွေးကောက်ပွဲကာလအတွင်း မဲမသမာမှု သို့မဟုတ် တရားမဲ့ပြုကျင့်မှုများပြုလုပ်ခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်က စစ်ဆေးတွေ့ရှိပါက ယင်းပါတီသည် နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့် ဆုံးရှုံးမည်ဖြစ်သည်။ ဤဥပဒေ ပြင်ဆင်ချက်သည် သန့်ရှင်းပြီး တရားမျှတသောရွေးကောက်ပွဲစနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် ပိုမိုအားဖြည့်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## ပြည်တွင်း၌ ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် ရောစပ်ထားသော ဇီဝလောင်စာဆီများ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်ဆိုင်ရာ အမိန့်ထုတ်ပြန်ခြင်း

စွမ်းအင်ဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ ပုဒ်မ ၅၄ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၅ ဖြင့် ပြည်တွင်း၌ ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လိုင်စင်ဆိုင်ရာအမိန့်ကို ၅-၈-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ယင်းအမိန့်တွင် အခန်း(၁)အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အခန်း(၂) လိုင်စင်လျှောက်ထားခြင်း နှင့် ထုတ်ပေးခြင်း၊ အခန်း(၃)လိုင်စင်ရရှိသူလိုက်နာရမည့်စည်းကမ်းချက်များနှင့် အခန်း(၄)အထွေထွေ ဟူ၍ပါရှိကြောင်း၊ အပိုဒ် ၃ အရ လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် လျှောက်ထားသူသည် ဦးစီးဌာနသို့ အပိုဒ် ၃ ပါအချက်အလက်အထောက်အထားအပြည့်အစုံဖြင့် လျှောက်ထားရမည် ဖြစ်ကြောင်း၊ ဦးစီးဌာနသည် အပိုဒ် ၃ အရ လျှောက်ထားချက်ကိုစိစစ်ပြီး သတ်မှတ်ချက်များနှင့် ပြည့်စုံပါက အဆိုပြုအကွက်ချပုံစံနှင့်အသေးစိတ်ဒီဇိုင်းပုံစံအား အတည်ပြုကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်ဖြစ်ကြောင်း၊ အပိုဒ် ၅ အရ လျှောက်ထားသူသည် ဦးစီးဌာနက အတည်ပြုပုံစံ အတိုင်းတည်ဆောက်ပြီးစီးပါက လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ဦးစီးဌာနသို့ အပိုဒ် ၅ ပါစာရွက် စာတမ်းများဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း၊ အပိုဒ် ၆၊ ၇ နှင့် ၈ တို့အရ ဆောင်ရွက်ပြီးပါက ဝန်ကြီးဌာနသည် အပိုဒ် ၈ အရ ဦးစီးဌာန၏တင်ပြချက်ကိုစိစစ်ပြီး သတ်မှတ်ထားသောအခကြေးငွေကို ပေးသွင်းစေ၍ တစ်နှစ်သက်တမ်းရှိသည့်လုပ်ငန်းလိုင်စင်ကို လျှောက်ထားသူအား ခွင့်ပြုထုတ်ပေးရမည် ဖြစ်ကြောင်း၊ အခန်း(၃)တွင် လိုင်စင်ရရှိသူလိုက်နာရမည့်စည်းကမ်းချက်များကို ဖော်ပြထားကြောင်း၊ အပိုဒ် ၁၅ တွင် လိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင်ပါစည်းကမ်းချက်များကို တိကျစွာ လိုက်နာရ မည်ဖြစ်ကြောင်း၊ အပိုဒ် ၁၈ အရ လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင်လည်းကောင်း၊ လုပ်ငန်း ဆောင်ရွက်ရာတွင်လည်းကောင်း တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊

အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊
ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: စွမ်းအင်ဝန်ကြီးဌာန

## အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအသစ် စတင်အာဏာတည်သည်နှင့်အမျှ အင်္ဂလန်နိုင်ငံအနေဖြင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းအား ခေတ်နှင့်အညီဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ခြင်း

အင်္ဂလန်နိုင်ငံအစိုးရ၏အနုညာတစီရင်ဆုံးဖြတ်ခြင်းအက်ဥပဒေသည် ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် စတင်အာဏာတည်ခဲ့ပြီး အင်္ဂလန်နှင့်ဝေလနယ်တို့ရှိ အနုညာတစီရင်ဆုံးဖြတ်ခြင်းအား ပြန်လည်ပြင်ဆင်၍ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှုများကို ဆောင်ရွက်မည်ဖြစ်ပါသည်။

အဆိုပါအက်ဥပဒေအသစ် စတင်အာဏာတည်သည့်နေ့မှစ၍ အနုညာတစီရင်ဆုံးဖြတ်ခြင်း ခုံသမာဓိရုံးတင်စစ်ဆေးခြင်းများနှင့် အဆိုပါရုံးများနှင့်စပ်လျဉ်းသည့် စီးပွားရေးဆိုင်ရာတရားစွဲဆိုမှုများနှင့်သက်ဆိုင်မည်ဖြစ်ပါသည်။ Global Legal Post မှထုတ်ဝေသော နိုင်ငံတကာအနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာလမ်းညွှန်ချက်တွင် ဖော်ပြထားသည့်အတိုင်း ပြုပြင်ပြောင်းလဲမှုများထဲ၌ ခုံသမာဓိလူကြီးများ၏တာဝန်ကိုဖော်ပြခြင်း၊ နုတ်ထွက်ခြင်းနှင့် ဖယ်ရှားခြင်းတို့အပြင် ခုံသမာဓိလူကြီးများ၏ ကင်းလွတ်ခွင့်အတွက် အကာအကွယ်ပေးသည့် ပြောင်းလဲမှုများလည်း ပါဝင်သည်။

အဆိုပါအက်ဥပဒေအသစ်သည် သီးခြားအဆိုပြုချက်များကိုလျင်မြန်စွာဖြေရှင်းရန် အကျဉ်းချုပ်ရှင်းလင်းပေးခြင်းဖြစ်ပြီး ၁၉၉၆ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်းအက်ဥပဒေပုဒ်မ ၆၇ ပါ စိန်ခေါ်မှုများအတွက် လုပ်ထုံးလုပ်နည်းမူဘောင်နှင့်လုပ်ငန်းစဉ်များကို မြှင့်တင်ပေးခြင်းဖြစ်ပါသည်။ အက်ဥပဒေအသစ်ကို ယခင်အစိုးရလက်ထက်က စတင်အဆိုပြုခဲ့ခြင်းဖြစ်ပြီး အလုပ်သမားအစိုးရ (Labour Government) က ၂၀၂၄ ခုနှစ်တွင် ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ် ဇူလိုင်လတွင် နိုင်ငံခြားရေးဝန်ကြီး Sarah Sackman KC က " အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ တရားမျှတမှုနှင့်ထိရောက်မှုတို့ကိုမြှင့်တင်ပေးခြင်းနှင့် မိမိတို့၏အနုညာတစီရင်ဆုံးဖြတ်မှုဆိုင်ရာမူဘောင်အား အဓိကထားပြုပြင်ပြောင်းလဲမှုများပါဝင်သည်"ဟု ပြောကြားခဲ့ပါသည်။

Chartered Institute of Arbitrators' London ဌာနခွဲမှ ဥက္ကဋ္ဌ Robert Price FCIArb က "အနုညာတစီရင်ဆုံးဖြတ်ခြင်းအက်ဥပဒေ၂၀၂၅ သည် အင်္ဂလန်နိုင်ငံ၏အချိန်ကြာမြင့်စွာတည်ရှိနေသော အနုညာတစီရင်ဆုံးဖြတ်ခြင်းအတွက် သမိုင်းမှတ်တိုင်တစ်ခုလည်းဖြစ်ပြီး အက်ဥပဒေအသစ်သည် ၁၉၉၆ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအား ခေတ်နှင့်လျော်ညီပြီး ထိရောက်မှုရှိသောဥပဒေအဖြစ် အထင်အရှားရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

London International Disputes Week ၏ ပူးတွဲဥက္ကဋ္ဌ ပါမောက္ခ Loukas Mistelis မှ အဆိုပါမှတ်ချက်များကိုထောက်ခံခဲ့ပြီး "အနုညာတစီရင်ဆုံးဖြတ်ခြင်းအက်ဥပဒေ ၂၀၂၅ ကို အကောင်အထည်ဖော်ခြင်းသည် မိမိတို့၏တရားစီရင်ရေးအသိုက်အဝန်းအတွက် မှတ်တိုင်တစ်ခုဖြစ်ပြီး နိုင်ငံတကာအနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် လန်ဒန်၏ဦးဆောင်မှုကိုအလေးထားပြီး ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရေးနှင့် အငြင်းပွားမှုဖြေရှင်းရေးတွင် ဆန်းသစ်တီထွင်မှုကိုဦးတည်၍ သဘောတူညီမှုကိုသက်သေပြရမည်ဖြစ်ကြောင်း” ပြောကြားခဲ့ပါသည်။

Herbert Smith Freehills Kramer မှ နိုင်ငံတကာအနုညာတစီရင်ဆုံးဖြတ်ခြင်းအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာပူးတွဲအကြီးအကဲ Andrew Cannon က “ယခုအနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာမူဘောင်ကို ကောင်းမွန်စွာပြင်ဆင်ရန် ရည်ရွယ်ပြီးဖြစ်သောကြောင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း လုပ်ထုံးလုပ်နည်းကို ချက်ချင်း သို့မဟုတ် အရှိန်အဟုန်မြင့်ပြောင်းလဲဖို့ မမျှော်လင့်သင့်ပါ။ သို့ရာတွင် အဓိကအားဖြင့် တရားရုံးများတွင် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို အကျဉ်းနည်းဖြင့် ဖြေရှင်းရန်၊ အနုညာတခုံရုံးများအတွက်ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်အသစ်များ ထွက်ပေါ်လာခြင်းအတွက် အမှန်တကယ်ထိရောက်မှုသော အကျိုးကျေးဇူးများကို အသိအမှတ်ပြုသင့်သည်။” ဟုဆိုပါသည်။

သို့ဖြစ်ရာ အနုညာတစီရင်ဆုံးဖြတ်ခြင်းအက်ဥပဒေ ၂၀၂၅ ကို အကောင်အထည်ဖော်ခြင်းသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဆောင်ရွက်ရန် လျှောက်ထားသူများ၏အခွင့်အရေးများကိုညှိနှိုင်းပြီး တရားမျှတသောလုပ်ငန်းစဉ်များကိုမြှင့်တင်ပေးခြင်းအားဖြင့် တရားမျှတမှု၊ ထိရောက်မှုနှင့် ပွင့်လင်း

မြင်သာရှိမှုတို့ဖြင့် စီရင်ဆုံးဖြတ်ခြင်းလုပ်ငန်းစဉ်များကို လုပ်ဆောင်စေနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.globallegalpost.com/news/uk-seeks-to-modernise-arbitration-as-new-legislation-comes-into-force-1805293283

## လမ်းအန္တရာယ်ကင်းရှင်းရေးဥပဒေအား ပြန်လည်ပြင်ဆင်ရန် ဗြိတိန်နိုင်ငံအစိုးရက အစီအစဉ်များ ရေးဆွဲဆောင်ရွက်နေခြင်း

ဝန်ကြီးများသည် အင်္ဂလန်နှင့်ဝေလနယ်တို့တွင် အသက်ကြီးသောယာဉ်မောင်းများအတွက် မဖြစ်မနေ မျက်စိစစ်ဆေးမှုများပြုလုပ်ရန်နှင့် အရက်သောက်သုံးသည့်ကန့်သတ်ချက်ကို စဉ်းစားနေကြောင်း Timeမဂ္ဂဇင်းက တနင်္လာနေ့တွင်ဖော်ပြခဲ့ပါသည်။ အဆိုပြုချက်များတွင် အာမခံမထားသော ကားကိုမောင်းခြင်းနှင့် ထိုင်ခုံခါးပတ် မပတ်ခြင်းတို့အတွက် ပြင်းထန်သောပြစ်ဒဏ်များပါဝင်သည်။ သို့သော် အတွေ့အကြုံမရှိသောယာဉ်မောင်းများအား ၎င်းတို့နှင့်အတူလိုက်ပါစီးနင်းသူများ၏လုံခြုံရေး အတွက် တာဝန်မယူခြင်းအား ရပ်တန့်ရန် အစီအမံများပါဝင်ကြောင်း သိရှိရပါသည်။

"ဂရိတ်ဗြိတိန်၏လမ်းမများပေါ်တွင် ယမန်နှစ်က လူဦးရေ ၁၆၃၃ ဦး သေဆုံးပြီး ၂၈၀၀၀ နီးပါး ပြင်းထန်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ပြီးခဲ့တဲ့ဆယ်စုနှစ်များအတွင်းတွင် လူသေဆုံးမှုမြင့်မား လာသည့်အတွက် ယခုအသုံးပြုနေသောနည်းဗျူဟာသည် အများကြီးနောက်ကျနေပြီဖြစ်ကြောင်း" AA ၏ ဥက္ကဋ္ဌ Edmund King က ပြောကြားခဲ့ပါသည်။

ထို့ပြင် "အစီအစဉ်အသစ်များသည် ကျွန်ုပ်တို့၏အသက်များကို ကယ်တင်ရန်နှင့် ခေတ်မီစေရုံ သာမက လူတိုင်းအတွက်ပိုမိုလုံခြုံစေမှုပေးစွမ်းနိုင်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပါကြောင်း၊ အသက်ကြီး သောယာဉ်မောင်းများအတွက် အမြင်စစ်ဆေးခြင်း၊ အရက်သောက်ခြင်းနှင့် မူးယစ်ဆေးဝါးအသုံးပြုပြီး မောင်းသူများကို ပစ်မှတ်ထားစစ်ဆေးခြင်းများသည် လက်တွေ့ကျသော ခြေလှမ်းများဖြစ်ကြောင်း" ၎င်းက ထပ်မံပြောကြားခဲ့ပါသည်။

လမ်းအန္တရာယ်ကင်းရှင်းရေးပရဟိတအဖွဲ့ IAM RoadSmart ၏ မူဝါဒနှင့်စံချိန်စံညွှန်းဆိုင်ရာ ဒါရိုက်တာ Nicholas Lyes က "မကြာသေးမီနှစ်များအတွင်း လူအသေအပျောက်နှင့်ပြင်းထန်သော ယာဉ်တိုက်မှုများအားလျှော့ချရန်ရည်ရွယ်သည့် အဆင့်မြှင့်တင်ထားသော လမ်းအန္တရာယ်ကင်းရှင်းရေး ဗျူဟာကိုထုတ်ပြန်ရန် ဗြိတိန်အစိုးရ၏ရည်မှန်းချက်ကို ကျွန်ုပ်တို့ကြိုဆိုကြောင်း၊ အသက် ၇၀ ကျော်

ယာဉ်မောင်းအများစုသည် ယာဉ်ကိုမောင်းနှင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်သည့် အရည်အချင်းရှိသော်လည်း ကျန်းမာရေးပြဿနာများသည် ယာဉ်မောင်းစွမ်းရည်အပေါ် သက်ရောက်မှု ရှိနိုင်သောကြောင့် အပြောင်းအလဲများပြုလုပ်ရန်လိုအပ်ခြင်း ရှိ မရှိ ပြန်လည်သုံးသပ်ရန်လိုအပ်ကြောင်း၊ အင်္ဂလန်နှင့်ဝေလနယ်များတွင် မူးယစ်ဆေးဝါးသုံးစွဲမောင်းနှင်မှုကန့်သတ်ချက်များကို လျှော့ချရန် နှင့် ဥပဒေအသစ်များကိုထိထိရောက်ရောက်ပြဋ္ဌာန်းနိုင်ရန် ရဲတပ်ဖွဲ့က ပိုမိုဆောင်ရွက်ရန်လိုအပ်ပါကြောင်း” ပြောကြားခဲ့ပါသည်။

ထို့ပြင် “အခြားမည်သည့်အခြေအနေတွင်မှ ကျွန်ုပ်တို့သည် လူပေါင်း ၁၆၀၀ ကျော် သေဆုံးပြီး လူထောင်ပေါင်းများစွာ ပြင်းထန်ဒဏ်ရာရရှိကာ တစ်နှစ်လျှင် ၂ ဘီလီယံကျော် ဆုံးရှုံးနစ်နာသည်ကို ကျွန်ုပ်တို့လက်ခံမည်မဟုတ်ကြောင်း၊ တစ်ချိန်တည်းတွင် အရက်သောက်ပြီး ကားမောင်းသည့်ဖြစ်ရပ်များကြောင့် သေဆုံးသူအရေအတွက်သည် လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း တိုးမြင့်လာသောကြောင့် လက်ရှိကျင့်သုံးနေသည့်လမ်းအန္တရာယ်ကင်းရှင်းရေးအစီအမံများ အလုပ်မဖြစ်တော့မည်ကို စိုးရိမ်မှုများဖြစ်ပေါ်စေခဲ့ကြောင်း” ထပ်မံပြောကြားခဲ့ပါသည်။

ဗြိတိန်အစိုးရသည် ဆယ်စုနှစ်အတွင်း ပထမဆုံးလမ်းအန္တရာယ်ကင်းရှင်းရေးမဟာဗျူဟာကို ချမှတ်ပေးမည်ဖြစ်ကြောင်း၊ ဥပဒေချိုးဖောက်သူများကို ပြင်းထန်သောပြစ်ဒဏ်များချမှတ်ကာ လမ်းအသုံးပြုသူများကိုအကာအကွယ်ပေးပြီး လမ်းအန္တရာယ်ကင်းရှင်းရေးကို ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေအသိပညာပြန့်ပွားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်: https://www.theguardian.com/uk-news/2025/aug/11/uk-ministers-urged-do-more-protect-new-drivers-road-safety-overhaul

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၃) အမှတ် (၂၁) ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

